# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 24 , 2025 Volume 92, Number 17


၂၄. ၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၉.၈၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၅.၅၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၇.၂၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၄၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၁၃ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပနိုင်ငံများသို့ တင်ပို့နေသော နှမ်းနက်(စမုန်) ဈေးမြင့်တက်လာ



မန္တလေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသော နှမ်းရောင်စုံရှိသည့်အနက် နှမ်းနက် (စမုန်)အမျိုးအစားမှာ ပြည်ပနိုင်ငံများမှဝယ်ယူမှုရှိခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာသော်လည်း အခြားနှမ်းရောင်စုံများ အရောင်းအဝယ်အေးနေကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

ပြည်ပနိုင်ငံများမှဝယ်ယူမှုရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက် (စမုန်) မှာ ဇူလိုင် ၁၀ ရက်နေ့တွင် ၇၃၀,၀၀၀–၈၁၀,၀၀၀ ကျပ်မှ ဇူလိုင် ၂၃ ရက်နေ့တွင် ၈၁၀,၀၀၀–၈၆၀,၀၀၀ အထိ မြင့်တက်လာသော်လည်း အခြားနှမ်းရောင်စုံမှာမူ ပြည်တွင်းအဝယ်ပုံမှန်သာရှိခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

“အခုကတော့ ပြည်ပနိုင်ငံက ဝယ်ယူမှုသွက်လက်ရင် ဈေးကွက်ထဲမှာလည် ဈေးနှုန်းက မြင့်တက်လာတာပါ။ ကုန်သည်တွေကလည်း အဝယ်ရှိတော့ ဈေးကောင်းရမှပဲ ရောင်းကြတာကြောင့် ဈေးနှုန်းတွေကောင်းလာတာဖြစ်ပါတယ်။ အခုအခြေအနေကတော့ ပြည်ပအဝယ်ရှိနေတဲ့ နှမ်းနက် (စမုန်)ကတော့ ကျရိပ်မရှိသေးပါဘူး”ဟု နှမ်းကုန်သည်တစ်ဦးကပြောသည်။

လက်ရှိဈေးကွက်ထဲ၌ နှမ်းဖြူများမှာ မကြာမီတွင်အသစ်ဝင်ရောက်လာတော့မည်ဖြစ်ခြင်းကြောင့်ဈေးနှုန်းအေးနေသော်လည်း နှမ်းညိုမှ ပြည်တွင်းဆီစက်လုပ်ငန်းများ ဝယ်ယူမှုရှိလာသဖြင့် ယခုရက်ပိုင်းတွင် အရောင်းအဝယ်အနည်းငယ်သာဖြစ်ကြောင်း သိရသည်။

မန္တလေးပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းမှဇူလိုင်၂၁ရက်နေ့ ဈေးနှုန်းထုတ်ပြန်ချက်များအရ သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက်(စမုန်) ၈၆ဝ,ဝဝဝကျပ်၊နှမ်းဖြူ (JP) ၃၅ဝ,ဝဝဝ-၃၇ဝ,ဝဝဝ ကျပ်၊ နှမ်းဖြူ(ဗမာ)၃ဝဝ,ဝဝဝ-၃၂ဝ,ဝဝဝ ကျပ်၊နှမ်းညို(သစ်) ၂၈၅,ဝဝဝ-၂၉ဝ,ဝဝဝ ကျပ်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းတွင် နှမ်း၊ မြေပဲသီးနှံများကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး အခြားသောဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း၊ထွက်ရှိလာသည့် သီးနှံများကို ပြည်ပတင်ပို့ခြင်းအပြင် ပြည်တွင်းတွင် ဆီကြိတ်ခွဲခြင်း၊ပဲကြော်လုပ်ငန်းများ၊မုန့်လုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ကြကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## ပြည်ပတင်ပို့ရန် အခက်အခဲရှိသဖြင့် ချင်းဈေးကျလာ



အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတင်ပို့မှုမရှိသေးသည့်အတွက် ပြည်တွင်းချင်းဈေးနှုန်းများကျဆင်းနေကြောင်း သိရသည်။

ထို့ပြင် ဈေးကွက်တွင် ချင်းအသစ်များဖြစ်သည့် ချင်းဥမအမျိုးအစားများ ဝင်ရောက်နေခြင်းကြောင့် ချင်းက ပြည်တွင်းဈေးကွက် လိုအပ်ချက်ထက် ထုတ်လုပ်စိုက်ပျိုးမှုက ကျော်လွန်နေခြင်းဖြစ်ကာ ဈေးများကျလာခြင်းဖြစ်ကြောင်း သုံးသပ်ထားကြသည်။

"ရှမ်းပြည်နယ်ကနေ ရခိုင်ကို အရင်သွားပြီးမှ ဘင်္ဂလားဒေ့ရှ်ကိုတင်ပို့ကြတာ။ အခုရခိုင်ပြည်နယ် တောင်ကုတ်ကနေသွားရတာ တောင်ကုတ်မှာပိတ်သွားတော့ ဘာမှလုပ်မရ။ အောင်ပန်းမှာ ဝယ်မဲ့သူမရှိဖြစ်သွားတယ်။ ပို့ကုန်မရှိတော့တဲ့ ကာလတစ်ခုဆိုတော့ ဝယ်လိုအားလျော့နေတဲ့ သဘောပါပဲ။ တချို့နေရာတွေကြတော့ ဝယ်ချင်တာ ဝယ်ခွင့်မရနေတဲ့ မြို့နယ်တွေရှိနေတော့ ဖြုန်းအားနည်းသွားတဲ့ သဘောပါ" ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ကုန်သည်တစ်ဦးက ပြောသည်။

အောင်ပန်းမြို့တွင် ယခင်အပတ်က ချင်းဥမကြီး တစ်ပိဿာလျှင် ၃၈ဝဝကျပ်နှင့် ချင်းဥမအလတ် တစ်ပိဿာလျှင် ၂ဝဝဝ မှ ၃ဝဝဝ ကျပ် ထိ ရှိခဲ့ပြီး ချင်းဥမကြီး တစ်ပိဿာလျှင် ၂၅ဝဝ ကျပ် နှင် ချင်းဥမအလတ် တစ်ပိဿာလျှင် ၁ဝဝဝ မှ ၂ဝဝဝ ကျပ်အထိ ဈေးကျသွားကြောင်း သိရသည်။

ဈေးကွက်တွင် ချင်းအသစ်များဖြစ်သည့် ချင်းဥမ အမျိုးစားများသာ အရောင်းဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

"ကြက်သွန်ဖြူနဲ့ချင်းကုန်စည်နှစ်မျိုးက ပို့ကုန်မရှိသေးတော့ ဝယ်လိုအားနည်းပြီး ဈေးကျတဲ့ဘက်ကို ရောက်ရှိနေပါတယ်။ အခုက ပြည်တွင်းဝယ်လိုအားလဲ မကောင်းဘူး။ ပြည်တွင်းကောင်းရင်ကို ဈေးအဲ့လောက်မဆိုးသေးဘူး။ အခုက ချင်းဥမပေါ်ချိန်ဆိုတော့ ဈေးကွက်ထဲ ချင်းအဝင်များနေတယ်" ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိကာလမှာချင်းပေါ်ချိန်ဖြစ်ပြီး နှစ်စဉ်ဘင်္ဂလားဒေ့ရှ်မှချင်းဝယ်ချိန်အများဆုံးဖြစ်ကာအများဆုံးတင်ပို့ရသည့် ကာလဖြစ်ကြောင်း သိရသည်။

ပြည်တွင်းချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အဓိကတင်ပို့နေရခြင်းဖြစ်ပြီး အဆိုပါနိုင်ငံသို့တင်ပို့နေသည့် အဓိကလမ်းကြောင်းများတွင် တင်ပို့ရန်ခက်ခဲနေခြင်း၊ ပို့ကုန်အမှာစာ မရှိနိုင်ခြင်းတို့ကြောင့် ဈေးကျသွားခြင်းဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် ချင်းအား ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကထားစိုက်ပျိုးကြကြောင်း သိရပြီး ယခုနှစ်တွင် အထွက်နှုန်းများကြောင်းလည်း သိရသည်။

အဆိုပါဖြစ်စဉ်များကြောင့်ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ထားဦးမည်ဆိုပါက ဈေးများထပ်မံကျဆင်းသွားနိုင်ကြောင်း သုံးသပ်ကြသည်။

**Source :** https://htwettoe.com/

## မကွေး၌ အုတ်၊ သဲ၊ ကျောက် ဈေးမြင့်တက်နေ



အခုလက်ရှိ မိုးရာသီကာလ မကွေးမြို့မှာ အုတ်၊ သဲ၊ ကျောက်စရစ်ဈေးတွေမြင့်တက်နေပြီးအရောင်းအဝယ်လည်း အေးနေတယ်လို့ မကွေးမြို့ အုတ်၊ သဲ၊ ကျောက်စရစ် ရောင်းဝယ်ရေးလုပ်ကိုင်သူတွေဆီက သိရပါတယ်။

အခုဇူလိုင်လဆန်းပိုင်းကစလို့ဈေးမြင့်တက်လာတာဖြစ်ပြီးအခုနှစ်ကုန်ထိဈေးအမြင့်မှာရှိနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိမကွေးမြို့မှာရောင်းချနေတဲ့ဈေးနှုန်းတွေကတော့အုတ်တစ်ခဲကို၂၈ဝ ကျပ်ကနေ၃ဝဝ ကျပ်ဝန်းကျင်၊ သဲ တစ်ကျင်းကို ကျပ် ၂ သောင်းခွဲကနေ ၃ သောင်းကျပ်ဝန်းကျင်၊ ကျောက်စရစ်တစ်ကျင်းကို ကျပ် ၆ သောင်းခွဲဝန်းကျင်ဈေးရှိပြီး အိမ်အရောက်စနစ်နဲ့ ရောင်းချပေးနေတယ်လို့ သိရပါတယ်။

အခုလက်ရှိမှာ ဈေးမြင့်တက်နေပြီး ပြီးခဲ့တဲ့နှစ်တွေလောက် ရောင်းအားမကောင်းသလိုလုပ်ကွက်လည်း တိုးလာတဲ့အတွက် အခွန်တိုးဆောင်ရတာတွေရှိတယ်လို့ မကွေးမြို့အုတ်၊သဲ၊ကျောက်စရစ်ရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌဦးမြင့်ကျော်ကပြောပါတယ်။

နောက်ပိုင်းမှာမြစ်ရေဝင်ရောက်ပြီးကျောက်စရစ်ထုတ်ယူမှုတွေလျော့နည်းလာရင် အခုထက်ပိုပြီးကျောက်စရစ်ဈေးမြင့်တက်လာနိုင်တယ်လို့ ဆိုပါတယ်။

မကွေးမြို့မှာတော့ အုတ်၊ သဲ၊ ကျောက်စရစ်လုပ်ငန်းဟာ ပွင့်လင်းရာသီဖြစ်တဲ့ဒီဇင်ဘာလက စတင်ပြီးလုပ်ကိုင်ရတာ အဆင်ပြေနိုင်သလို ဈေးကလည်းကျဆင်းလာနိုင်တယ်လို့ မကွေးမြို့ အုတ် ၊သဲ၊ ကျောက်စရစ် ရောင်းဝယ်ရေးလုပ်ကိုင်သူတွေဆီက သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ပြင်ဦးလွင်ဒေသထွက်နာနတ်သီးဈေးကွက်



ပြင်ဦးလွင်မြို့နယ်တွင် နာနတ်သီးစိုက်ရာဒေသများဖြစ်တဲ့ ပန်းဦးတောင်၊ဆင်ဖြူအင်း၊ ဘန်သာကျေးရွာများရှိ တောင်ကုန်း၊ တောင်စောင်းများမှာ နာနတ်သီး စိုက်ကေများကို စီးပွားဖြစ်အများဆုံးစိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် နာနတ်သီးစိုက်တောင်သူများ ငွေရှာင်သောကာလဖြစ်သည်။

နာနတ်သီးအနေဖြင့် ယခုအချိန် မိုးရာသီအစတွင် စတင်စိုက်ပျိုးပါက နောက်နှစ်အသီးစတင်ခူးဆွတ်နိုင်ပြီး ဒုတိယနှစ်တွင်ပေါင်းမြက်ရှင်းကာ ပုလဲမြေသြဇာပက်ဖြန်းခြင်းဖြင့် ပထမနှစ်ထက် အသီးပိုမိုရရှိကြောင်း၊ ၁ ကေလျှင် နာနတ်အပင် ၆ဝဝဝ-၆၅ဝဝ ပင် စိုက်ပျိုးနိုင်ကြောင်း ၊ ကုန်ကျစရိတ်အနေ

ဖြင့် စတင် စိုက်ပျိုးလျှင် မျိုး ၊ မြေပြင် ၊ အလုပ်သမားခ၊ သွင်းအားစု စုစုပေါင်းကုန်ကျစရိတ် ၃၀ သိန်းခန့်ကုန်ကျနိုင်ပြီး ပထမနှစ် အသီးခူးဆွတ်ပြီးနောက် အပင်ပြုစုခြင်း ၊ သွင်းအားစုထည့်သွင်းရုံဖြင့် အပင်များကာ အသီးနှစ်ဆ၊ သုံးဆဖြစ်ကာ အမြတ်အစွန်းပိုမိုရရှိကြောင်း၊ အချို့နာနတ်စိုက်တောင်သူများမှာ ရိတ်သိမ်းခူးဆွတ်ပြီးနောက် ပစ်ထားကာ မိုးဦးကျချိန်တွင် ပြန်လည်ပြုပြင်မှုဖြင့် အပင် ၃-၄ နှစ်ခန့်အကျိုးခံစားရကြောင်း၊ လက်ရှိနာနတ်သီးဈေးအနေဖြင့် ခေါင်သီးရှယ်တစ်လုံးလျှင် ၁၅၀၀ ကျပ်၊ အလတ် ၁၀၀၀ ကျပ်၊ အသေး ၅၀၀ ကျပ် ဈေးနှုန်းတို့ဖြင့် မန္တလေးမှကုန်သည်များ လာရောက်ဝယ်ယူနေကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ကန့်ဘလူမြို့နယ်၌ စိန်တလုံးသရက်သီး အဝင်နည်း၍ အရောင်းသွက်



မြန်မာနိုင်ငံတွင် သရက်သီးစိုက်ပျိုးထုတ်လုပ်မှုအရ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးသည့် သရက်သီးအမျိုးအစားများမှာ မြကျောက်၊ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြားငမောက်နှင့် စိမ်းချိုစသော သရက်သီးအမျိုးအစားများ ဖြစ်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်တွင် စိန်တလုံးသရက်ကို အများဆုံးစိုက်ပြီး ပတ္တမြားငမောက်နှင့် စိမ်းချိုစသည့် သရက်မျိုးများစိုက်ပျိုး ကြသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ပထမပတ်အတွင်း ကန့်ဘလူမြို့ရှိ သစ်သီးဆိုင်များတွင် ရောင်းချနေသော စိန်တလုံးသရက်သီးမှည့် အကြီးတစ်လုံးလျှင်၇၀၀ကျပ်၊ အသေး ၁ လုံးလျှင် ၅၀၀ ကျပ်နှင့် ၅ လုံး လျှင်၂၀၀၀ ကျပ်ဖြင့်ရောင်းချလျက်ရှိကြောင်း၊ ယခုအခါ ဈေးကွက်အတွင်း စိန်တလုံးသရက်သီးများ အဝင်နည်းလာကြောင်း သစ်သီးဆိုင်များက သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ၇ ပတ်ဆက်တိုက်ကျဆင်းလျက်ရှိ

ဂျပန်အစိုးရအနေဖြင့် ဈေးနှုန်းချိုသာသည့်အရန်ဆန်များ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိခြင်းကြောင့် ဂျပန်နိုင်ငံ၏ဆန်ဈေးနှုန်းမှာ ၇ ပတ်ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း ၁၄-၇-၂၀၂၅ ရက်နေ့ထုတ် The NHK World Japan သတင်းစာတွင် “Retail rice prices in Japan drop for 7th straight week” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ ရက်သတ္တ ၁ ပတ်တာကာလတွင် ဂျပန်နိုင်ငံ၏ပျမ်းမျှဆန်ဈေးမှာ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၅၃၄ ယန်း(သို့မဟုတ်)အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာရှိခဲ့ကြောင်းနှင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၄ဒသမ ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ဂျပန်နိုင်ငံတစ်ဝှမ်းရှိ စတိုးဆိုင်များ၊ ဆေးဆိုင်များနှင့်အခြားသောလက်လီအရောင်းဆိုင် စုစုပေါင်း ၆,၀၀၀ နီးပါး၏ ဈေးနှုန်းများကို ကောက်ယူကာ ပျမ်းမျှဈေးနှုန်းကို ထုတ်ပြန်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ဒေသကြီး ၉ ခုလုံး၏ ပျမ်းမျှဆန်ဈေးမှာ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၄,၀၀၀ အောက်ကျဆင်းခဲ့ကြောင်း၊

အနောက်တောင်ပိုင်းဒေသရှိ ကျူရှူးအိုခီနာဝါစသည့်ဒေသများတွင် ပျမ်းမျှဆန်စျေးမှာအနည်းဆုံးဖြစ်ကြောင်းနှင့် ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၃,၀၀၀ ကျော်(သို့မဟုတ်)အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာအောက်သာရှိကြောင်းနှင့် ယခင်အပတ် နှင့်နှိုင်းယှဉ်ပါက ၂ဒေါ်လာကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးဒေသရှိ ပျမ်းမျှဆန်စျေးနှုန်းများမှာ ဒုတိယအနည်းဆုံးဖြစ်ခဲ့ပြီး ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၂၀၀ ယန်း(သို့မဟုတ်)အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာခန့်ရှိခဲ့ကြောင်းနှင့် ၄ ဒေါ်လာနီးပါးကျဆင်းခဲ့ကြောင်းဖော်ပြထားသည်။

တိုကိုင်းနှင့်ဟိုခုရိုခုဒေသများတွင်လည်းဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၄,၀၀၀ အောက်ကျဆင်းခဲ့ကြောင်းနှင့်ရှိနက်ဆုအလယ်ပိုင်းဒေသရှိ ဆန်စျေးနှုန်းများမှာမူ ယန်း ၃၀၀၀ အထက်ပြန်လည်မြင့်တက်လာလျက်ရှိကြောင်းဖော်ပြထားသည်။

**Source : သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

https://myantrade.gov.mm/

## ဂျပန်နိုင်ငံမှ အမဲသားကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုတော့မည်

ဂျပန်နိုင်ငံမှအမဲသားကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုရန်အတွက် လိုအပ်သည့်နှစ်နိုင်ငံသဘောတူညီချက်မှာ ၁၁-၇-၂၀၂၅ ရက်နေ့တွင်အသက်ဝင်ခဲ့ကြောင်း ၁၁-၇-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် "China to resume Japanese beef imports" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ဂျပန်နိုင်ငံတွင် နွားရူးရောဂါဖြစ်ပွားပြီးနောက်တရုတ်နိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ်တွင် ဂျပန်နိုင်ငံမှအမဲသားကို တင်သွင်းခွင့်ဆိုင်းငံ့ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံအကြား တိရစ္ဆာန်ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သို့သော် အဆိုပါစာချုပ်အသက်ဝင်စေရေးအတွက် တရုတ်နိုင်ငံဘက်မှ လုပ်ထုံးလုပ်နည်းများ နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံအကြား တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးနေဆဲဖြစ်သည့်အတွက် ဂျပန်နိုင်ငံမှ အမဲသားများကို အမှန်တကယ်တင်သွင်းခွင့်ပြုရန်အတွက် လိုအပ်နေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှအမဲသားများကို တင်သွင်းခွင့်ပြုရန်အတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကေးရှိနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိတို့ မလေးရှားနိုင်ငံ၌တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်းလည်း ဖော်ပြထားသည်။

**Source : သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

https://myantrade.gov.mm/

## ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ် အသုံးပြုသွားလာမှုမြင့်တက်

ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဟောင်ကောင်လေဆိပ်အသုံးပြုသည့်ခရီးသည် အရေအတွက်၊ ကုန်စည်ပမာဏ၊ လေကြောင်းခရီး စဉ်ပြေးဆွဲမှုများ သိသိသာသာတိုးတက်ခဲ့ကြောင်း ဟောင်ကောင်လေဆိပ်အာဏာပိုင်အဖွဲ့မှထုတ်ပြန်သည့်နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားကြောင်း macao news သတင်းဌာနမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် "Hong Kong Internatio nal Airport reports strong growth" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

ဟောင်ကောင်လေဆိပ်အသုံးပြုသွားလာသည့် ခရီးသွားအရေအတွက်သည်ယခင်နှစ်ကထက် ၂၁ ဒသမ၆ ရာခိုင်နှုန်း၊ ကုန်စည်ပမာဏ ၁၀ ဒသမ၃ ရာခိုင်နှုန်းနှင့် လေကြောင်းခရီးစဉ်ပြေးဆွဲမှု ၂၀ ဒသမ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဟောင်ကောင်လေဆိပ်၏ ပြေးလမ်းသုံးလမ်းစနစ်ကိုစတင်ခဲ့ခြင်းကြောင့် နှစ်စဉ်လေဆိပ်အသုံးပြုနိုင်စွမ်း ၅၀ ရာခိုင်နှုန်းမြင့်တက်လာပြီး ဟောင်ကောင် လေဆိပ်၏ ကမ္ဘာ့လေကြောင်းသွားလာရေးအချက်အချာတစ်ခုအဖြစ် ရပ်တည်မှု

ကို အားဖြည့်နိုင်ခဲ့သည်ဟု လေဆိပ်အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Fred Lam က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

လေကြောင်းလိုင်း ၂၇ ခုမှ မြို့ပေါင်း ၅၆ မြို့သို့ ခရီးစဉ်တိုးချဲ့ခြင်း သို့မဟုတ် အသစ်ပြေးဆွဲခြင်းတို့ကြောင့် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၏လေကြောင်းကွန်ရက်မှာအစဉ်တစိုက်ကျယ်ပြန့်လာလျက်ရှိသည်။

ယခုဘဏ္ဍာနှစ်ကုန်ပိုင်းတွင် လေဆိပ်၌ လေကြောင်းလိုင်းပေါင်း ၁၄၀ ခန့် ဟောင်ကောင်လေဆိပ်ကို အသုံးပြုလာပြီး ကမ္ဘာအနှံ့မှ မြို့ပေါင်း ၂၀၀ ကျော်ကို ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။ အစီရင်ခံစာတွင် ဟောင်ကောင်လေဆိပ်၏ ရေရှည် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်ရန် ရည်ရွယ် သည့် မဟာဗျူဟာမြောက်ဆောင်ရွက်ချက်များကို အလေးထားဖော်ပြထားကြောင်း ရေးသားဖော်ပြထားသည်။

Source : **နှင်းဇာလွှာ၊ စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (24.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,154 (Shares) | 8,653,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +100 | +1.41% | 7,100 | 7,200 | 7,100 | 318 | 2,278,000 | 33,109,694 | 238,390 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 216 | 712,800 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 2 | 15,600 | 10,400,986 | 81,128 |
| FPB | 00004 | 1,950 | -50 | -2.50% | 1,950 | 1,950 | 1,950 | 373 | 727,350 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,600 | 2,550 | 800 | 2,070,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 1,211 | 2,023,150 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +100 | +2.86% | 3,550 | 3,600 | 3,500 | 196 | 701,800 | 10,497,598 | 37,791 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,250 | 3,350 | 3,250 | 38 | 124,300 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 24th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.17 | +1.65 | +0.45% | 362.98 | 366.17 | 361.73 | 3,154 | 8,653,000 | 8 | 690,669 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 25th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,972 (Shares) | 21,199,350 (MMK) |

| MYANPIX | 366.21 ▲ 0.04 |
|---|---|
| Total Volume (shares) | 5,972 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,741 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,500 | ▼ 100 |
| MAEX | 00008 | 3,300 | ▼ 50 |

TIR